# ကုသမှု

ဆရာဝန်၏ ဆုံးဖြတ်ချက်အပေါ် မူတည်၍ ကုသမှုကို
အောက်ပါအမျိုးအစား (၂) မျိုးဖြင့် ခွဲခြားဆောင်ရွက်နိုင်ပါသည်။

## ၁။ ဆေးရုံတွင်ကုသမှုခံယူခြင်း




## ၂။ အိမ်၌သီးသန့်ခွဲနေခြင်း (Home Isolation)



ကုသမှုပြီးဆုံးချိန် (ကိုယ်ခန္ဓာတစ်ခုလုံးရှိ အဖတ်များလုံးဝကြွေကျပြီးချိန်) တွင် လူနာသည် သာမန်နေထိုင်မှုအတိုင်း ပြန်လည်နေထိုင်သွားနိုင်ပါသည်။



# လူနာနှင့်အတူနေထိုင်သူများ အတွက် လိုက်နာရန်အချက်များ



### သီးခြားခွဲနေထိုင်ခြင်း

လူနာနှင့် နီးကပ်စွာထိတွေ့ခြင်း သို့မဟုတ် အရေပြားချင်း ထိတွေ့ခြင်းမပြုရ။ သီးခြားအခန်း သို့မဟုတ် သီးခြားနေရာတွင် နေထိုင်ရမည်။



### သီးခြားစားသောက်ခြင်း

လူနာနှင့် ပန်းကန်၊ ဇွန်း၊ ခရင်း၊ ရေခွက်တို့ကို အတူမသုံးရ။




### သီးခြားရေချိုးခန်းသုံးခြင်း

သို့သော် အတူသုံးရန် မလွှဲမရှောင်၍ ဖြစ်ပါက လူနာက နောက်ဆုံးအသုံးပြုသူဖြစ်စေပြီး အသုံးပြုပြီးတိုင်း သန့်စင်ဆေးရည်ဖြင့် သုတ်သင် ဆေးကြောရမည်။



### သီးခြားပစ္စည်းများသုံးခြင်း

အဝတ်အစား၊ လက်သုတ်ပဝါ၊ အိပ်ရာခင်းစသည့် လူနာ၏ ကိုယ်ပိုင်အသုံးအဆောင်များကို အတူမသုံးရ။



### သီးခြားလျှော်ဖွပ်ခြင်း

လူနာ၏ အဝတ်အထည်များကို အခြားသူများ၏ အဝတ်များနှင့် ရောလျှော်ဖွပ်ခြင်း မပြုရ။



### သီးခြားအမှိုက်စွန့်ခြင်း

သွေး၊ အရည်ကြည်ဖု သို့မဟုတ် အဖုများမှ အရည်များစသည့် အရည်အချွဲများနှင့် ထိတွေ့ထားသော အမှိုက်များကို ကူးစက်ရောဂါအမှိုက်ပုံးတွင် သီးခြားစွန့်ပစ်ရမည်

### သတင်းအချက်အလက် ရယူနိုင်သော လမ်းကြောင်းများ

@das.ddc

@safesexstory

1422

กรมควบคุมโรค
Department of Disease Control
Division of AIDS and STIs

# မျောက်ကျောက်ရောဂါ



# Mpox VIRUS

Final-N_MPOX_Leaflet_Myanmar.pdf 2 9/4/2569 BE 09:59

# မျောက်ကျောက်ရောဂါ

ဖြစ်ပွားမှုအကြောင်းရင်း : ကျောက်ကြီး (smallpox) သို့မဟုတ် ကျောက်ရောဂါကို ဖြစ်စေသော ဗိုင်းရပ်စ်မျိုးရင်းတွင်ပါဝင်သော ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပြီး ရောဂါပြင်းထန်မှု အနည်းငယ်သာရှိသည်။ လူနာတွင် အဖျားရှိပြီး ခန္ဓာကိုယ်တစ်ခွင်တွင် အနီဖုများ၊ အရည်ကြည်ဖုများ၊ ပြည်တည်နာများ ထွက်လေ့ရှိသည်။

## ရောဂါလက္ခဏာများ

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရပြီးနောက် လူနာသည် ခန့်မှန်းခြေအားဖြင့် ၅ ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာစပြသည်။

### အနီဖုများမထွက်မီကာလ ၏ ရောဂါလက္ခဏာများ




အဖျားရှိခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊



ပြန်ရည်ကျိတ်များ ရောင်ရမ်းခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း

### အနီဖုများထွက်သည့်ကာလ ၏ ရောဂါလက္ခဏာများ

ဤကာလသည် ရောဂါပိုး ကူးစက်နှုန်း အများဆုံး ဖြစ်နိုင်ချေရှိသော အဆင့်ဖြစ်သည်။ အရေပြားပေါ်တွင် အနီကွက်ပြားများ စတင်ပေါ်ထွက်လာပြီး၊ ၎င်းမှ တဖြည်းဖြည်း အနီဖုများ၊ အရည်ကြည်ဖုများ၊ ပြည်တည်နာများ အဖြစ်သို့ ပြောင်းလဲသွားကာ၊ နောက်ဆုံးတွင် အဖတ်များ/အခြောက်အတက်များ တက်ပြီး ကွာကျသွားသည်။



အဆင့် ၁ အဆင့် ၂ အဆင့် ၃ အဆင့် ၄ အဆင့် ၅

# ကူးစက်ပုံ

## အဓိကကူးစက်သည့်လမ်းကြောင်း

ရောဂါရှိသူနှင့် ထိတွေ့ခြင်း သို့မဟုတ် နီးကပ်စွာ အတူနေထိုင်ခြင်း။



အရေပြားချင်း တိုက်ရိုက်ထိတွေ့ခြင်း - ဥပမာ အနာများ၊ အကွက်များ၊ အရေပြားပေါ်ရှိ ပြည်တည်နာများကို ထိတွေ့ခြင်း။



လိင်ဆက်ဆံခြင်းမှတစ်ဆင့် (လိင်အင်္ဂါအမျိုးမျိုးဖြင့်) - လိင်အင်္ဂါ၊ စအို သို့မဟုတ် ပါးစပ်စသည့်တို့မှတစ်ဆင့် ကူးစက်နိုင်ခြင်း။



နှာခေါင်းစည်း (mask) မတပ်ဆင်ဘဲ အချင်းချင်း နှာချေချောင်းဆိုးခြင်း။



လေဝင်လေထွက်မကောင်းသည့်နေရာတွင် နှာခေါင်းစည်း (mask) မတပ်ဆင်ခြင်းဖြင့် ၁ မီတာအကွာအဝေးတွင်း မျက်နှာချင်းဆိုင်စကားပြောခြင်း။

## အခြားကူးစက်မည့်လမ်းကြောင်းများ



ကူးစက်ခံရသူ၏ အသုံးအဆောင်ပစ္စည်းများကို ထိတွေ့ခြင်း။



ကူးစက်ခံရသော တိရစ္ဆာန်၏ အရည်အခွဲများကို ထိတွေ့ခြင်း။



ကူးစက်ခံရသော ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားဆီသို့ ကူးစက်နိုင်ခြင်း။

# မျောက်ကျောက်ရောဂါဖြစ်ခြင်းမှ ကာကွယ်မည့်နည်းလမ်းများ



1 မျောက်ကျောက်ရောဂါဟုသံသယရှိသော အနီကွက်ပေါ်သူများနှင့် **နီးနီးကပ်ကပ် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။**



2 မသိသောသူများနှင့် လိင်ဆက်ဆံခြင်းမှ **ရှောင်ကြဉ်ပါ။**




3 ရောဂါကူးစက်ခံရသော တိရစ္ဆာန်များ၏ အဖုများ၊ ပြည်များ၊ အနာများနှင့် တောရိုင်းတိရစ္ဆာန်အသေကောင်များကို **မထိရပါ။** အသားများကို ကျက်အောင်ချက်ပြုတ်စားသောက်ပါ။



4 ကိုယ်ပိုင်အသုံးအဆောင်များကို ကူးစက်ခံရသူနှင့် အတူတကွမသုံးပါနှင့်။ ဥပမာ အဝတ်အစား၊ လက်သုတ်ပဝါ၊ အိပ်ရာခင်းစသည့်ဖြင့်



5 နှာခေါင်းစည်း (Mask)တပ်ဆင်ပါ။



6 လက်ကို မကြာခဏဆေးကြောပါ။



ကူးစက်ခံရသည်ဟုသံသယရှိပါက စမ်းသပ်ရန်၊ ရောဂါရှာဖွေရန်နှင့်ကုသမှုခံယူရန်အတွက် သီးသန့်ခွဲနေကာ ဆရာဝန်ထံ အမြန်ဆုံးဆက်သွယ်ပါ။